# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းများ ပိုမိုထိရောက်တိုးတက် ကောင်းမွန်စေရေးအတွက် ဘက်စုံမှ ခြုံငုံသုံးသပ်ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးပြောကြားခဲ့သည့် အဖွင့်အမှာစကား ကောက်နုတ်ချက်

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်

(၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့

- မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး မွေးဖွားသည်မှ သေဆုံးသည့်အချိန်အထိ နေ့စဉ်စားသုံးနေရသော အစားအစာများ၊ အကြောင်းအမျိုးမျိုးကြောင့်သုံးစွဲရသည့် ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများ အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ်ကင်းရှင်းရေးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ပီပြင်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေပါကြောင်း၊

- ရောဂါပိုးမွှားများ၊ အန္တရာယ်ရှိဓာတုပစ္စည်းများနှင့် ခွင့်မပြုဆိုးဆေးများအပါအဝင် ရောဂါဖြစ်ပွားစေနိုင်သည့် အရာများသည် နေ့စဉ်နှင့် အမြဲစားသုံးနေရသည့် အစားအသောက်များမှတစ်ဆင့် လူ၏ကိုယ်ခန္ဓာထဲသို့ အများဆုံးဝင်ရောက် နိုင်ပါကြောင်း၊

- အစားအသောက်၊ အလှကုန်နှင့် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းမှု မရှိပါက လတ်တလော၌ ကျန်းမာရေး ပြဿနာများနှင့် ရင်ဆိုင်ရသကဲ့သို့ ရေရှည်တွင်လည်း ပြည်သူများအပေါ်၌ များစွာသော ဆိုးကျိုးများ သက်ရောက်နိုင်ပါကြောင်း၊

- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းများ ပိုမိုထိရောက်တိုးတက် ကောင်းမွန် စေရေးအတွက် သက်ဆိုင်ရာ ဌာနခွဲအလိုက် မိမိတို့၏လုပ်ငန်းများ ပီပြင်မှု ရှိ၊ မရှိကို ပွင့်လင်းစွာ ဌာနတွင်း ဆွေးနွေးမှုများ၊ ဌာနခွဲအချင်းချင်း တိုင်ပင်ညှိနှိုင်းမှုများကို မိသားစုဆွေးနွေးခြင်း ပုံစံဖြင့် တစ်နှစ်လျှင် (၂) ကြိမ်ခန့် ဆောင်ရွက်စေလိုပါကြောင်း၊

- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းများနှင့် လုပ်ငန်းအဆင့်ဆင့်ကို ပွင့်လင်း မြင်သာမှု ရှိစေရန်အတွက် ဌာန၏အင်တာနက်စာမျက်နှာမှတစ်ဆင့် လုပ်ငန်းရှင်များနှင့် ပြည်သူများ ထံသို့ အချိန်နှင့် တစ်ပြေးညီ အသိပေးရမည်ဖြစ်ပါကြောင်း၊

- နိုင်ငံတကာတွင် ဆောင်ရွက်နေသောအစားအသောက်နှင့်ဆေးဝါး ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၊ နောက်ဆုံးပေါ် အချက်အလက်များကို သိရှိစေရေး အတွက် ဌာနဥ္စအဖွဲ့တစ်ခုဖွဲ့စည်းလေ့လာကာ သက်ဆိုင်ရာဌာနခွဲများထံ ဖြန့်ဝေပေးရမည် ဖြစ်ပါကြောင်း၊

- အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန် ပိုမိုတိုးမြှင့်လုပ်ဆောင်စေလိုပါကြောင်း၊

- ဈေးကွက်မတင်မီစစ်ဆေးခြင်း (Pre-Assessment) ကို လုပ်ဆောင်နေသည်သာမက ဈေးကွက် ထောက်လှမ်းစောင့်ကြည့်ခြင်း (Post Market Surveillance) နှင့် ရှောင်တခင်စစ်ဆေးခြင်း (*Ad hoc-* inspection) တို့ကို ယခုထက် ပိုမိုပြုလုပ်သွားစေလိုပါကြောင်း၊

- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု၊ ဦးတည်ချက်နှင့် ရှေ့ဆက် ဆောင်ရွက်မည့်လုပ်ငန်းများ စသည်တို့ပါဝင်သော သတင်းလွှာ (newsletter) ကို လစဉ်ပြုစု ထုတ်ဝေကာ နီးနွှယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များထံသို့လည်းကောင်း၊ အင်တာနက်စာမျက်နှာမှ တစ်ဆင့်လည်းကောင်း ဖြန့်ဝေစေလိုပါကြောင်း၊

- ဖြည့်စွက်စာများသည် ပုံမှန်အစားအစာများနှင့် ဆေးဝါးကုသမှုများကို အစားထိုးနိုင်မှု မရှိဆိုသည့် အချက်အား ပြည်သူများ ပိုမိုသိရှိစေရေးအတွက် အသိပညာပေးခြင်းအပါအဝင် အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများ ကို ယခုထက်ပိုမိုကာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်စေလိုပါကြောင်း၊

- စစ်ဆေးထားပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများတွင် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်အမှတ်အသား (holographic stickers) များ ကပ်ထားနိုင်ရေးအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက် ပိုင်ရှင်များအသင်း စသည်တို့နှင့် ပူးပေါင်း ဆောင်ရွက်စေလိုပါကြောင်း၊
- ဆေးပစ္စည်းကိရိယာဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှု၊ အမျိုးအမည်စုံလင်များပြားလာမှု တို့ကြောင့် ဆေးပစ္စည်းကိရိယာများကို စစ်ဆေးခြင်းလုပ်ငန်းများသည် ကျယ်ပြန့်များပြားပါကြောင်း၊

- ဆေးပစ္စည်းကိရိယာ စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများအတွက် ပုံမှန်သင်တန်းများ၊ လေ့လာသင်ကြားမှု များ ပြုလုပ် ဆောင်ရွက်ရန် ရေတို၊ ရေရှည်အစီအစဉ်များချမှတ် ဆောင်ရွက်စေလိုပါကြောင်း၊

- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) နှင့် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) တို့တွင် ဟောပြောပို့ချမှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊

- ယခုဆွေးနွေးချက်များ၊ အကြံပြုချက်များကို ဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် အသေးစိတ်သီးခြားဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်စေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

**အစည်းအဝေးသို့ တက်ရောက်ခဲ့သူများ**

ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊

အစားအသောက်ဌာနခွဲ၊ ဆေးဝါးဌာနခွဲ၊ ဆေးပစ္စည်း၊ အလှကုန်/ လူသုံးကုန်ဌာနခွဲ၊ ဓာတ်ခွဲဌာနခွဲနှင့် စီမံရေးရာဌာနခွဲတို့မှ ညွှန်ကြားရေးမှူးများ နှင့် တာဝန်ရှိသူများ၊